# amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ[1]

လက်ရှိ **amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ ဗားရှင်း 1/2014** သည် amfori BSCI ပါဝင်ဆောင်ရွက်သူများ အနေဖြင့် ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်းထောက်ပံ့မှု အကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည့် စံတန်ဖိုးများနှင့် မူဝါဒများချမှတ်ရန် ရည်ရွယ်ပါသည်။ ၎င်းကို နိုင်ငံခြားကုန်သွယ်ရေး အသင်း (Foreign Trade Association **(amfori 1/1/2018 က စတင်အကျုံးဝင်သည်)** က အတည်ပြုပေးထားပြီး BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ ဗားရှင်း 2009 နှင့် ၎င်းပါဘာသာပြန်ဆိုမှုအားလုံးကို အစားထိုးရန် ရည်ရွယ်ပါသည်။ လက်ရှိ amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများတွင် အဓိကအချက်အလက် ကဏ္ဍသုံးရပ်ပါဝင်သည်- a) နိဒါန်း၊ အဓိပ္ပါယ်ပြန်ဆိုမှု၊ ကျွန်ုပ်တို့၏ စီးပွားရေး လုပ်ငန်းများအားလုံးအတွက် ရည်ရွယ်သည့် စံတန်ဖိုးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုများ၊ b) amfori BSCI ၏ ပါဂင်သူများ၏ စီးပွာရေး မိတ်ဖက်များ အတွက် ရည်ရွယ်သည့် မူဝါဒများ နှင့် c) amfori BSCI အကောင်အထည် ဖော်မှု ဆိုင်ရာ စည်းကမ်းချက်များ၊ amfori BSCI ရည်ညွှန်းချက်များနှင့် amfori BSCI ခက်ဆစ်တို့ဖြစ်ပြီး ယင်းမှာ ကျင့်ဝတ်တွင်ပါရှိသည့် ပြီးပြည့်စုံသော ကဏ္ဍဖြစ်၍ amfori BSCI အဓိပ္ပါယ်ပြန်ဆိုမှုနှင့် အကောင်အထည် ဖော်မှုတို့နှင့်ဆက်စပ်သော အသေးစိတ်အချက်အလက်များကို ပေးအပ်ထားသည်။

amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများမူကွဲ 1/2014 သည် 1 ရက် ဇန်နဝါရီလ 2014 တွင်စတင်အကျုံးဝင်ပါသည်။ ဤကျင့်ဝတ်ပါ မူဝါဒများအပေါ် amfori BSCI ၏ စောင့်ကြည့်စစ်ဆေးမှုကို ဇန်နဝါရီလ 2015 တွင်စတင်သွားမည်။ သို့ဖြစ်၍ BSCI ကျင့်ဝတ် မူကွဲ 2009 အား စစ်ဆေးမှုမှာ ဇန်နဝါရီလ 2015 မှစ၍ တရားဝင်မှန်ကန်မှုမရှိတော့ပါ။ တရားဥပဒေနှင့် ပတ်သက်ပါက ဤစာရွက်စာတမ်း၏ အင်္ဂလိပ်ဗားရှင်းမှာ အတည်ဖြစ်ပါသည်။

[1] © မူပိုင်ခွင့် amfori 2017

# I. နိဒါန်းအကျဉ်းချုံး

amfori BSCI **(amfori BSCI)** ကို နိုင်ငံခြားကုန်သွယ်မှု အသင်း **amfori** က ဖြန့်ဝေခဲ့ပြီး နိုင်ငံတကာ ကုန်သွယ်မှုသည် လူအများကြီးပွား ချမ်းသာမှုနှင့် လူမှုစီးပွားတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော ပို့ဆောင်ပေးသည့်အရာဖြစ်သည်ကို အသိအမှတ်ပြုပါသည်။

ဤကျင့်ဝတ်နှင့်လုပ်ထုံးများ (**amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများ**) သည် amfori BSCI ပါဝင်ဆောင်ရွက်သူများ၏ ယုံကြည်မှု နှင့် ၎င်းတို့၏ စပ်တူစီးပွားရေး လုပ်ငန်းရှင်များ အတွက် ရည်ရွယ်ပြီး၊ ၎င်းတို့၏ မျှော်လင့်ချက် ယုံကြည်မှုများကို ထင်ဟပ်စေသည့် အခြေခံသဘောတရားများနှင့် စံတန်ဖိုးများ ပေါင်းစည်းမှုဖြစ်သည်။

amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများသည် နိုင်ငံတကာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ကလေးသူငယ်အခွင့်အရေးနှင့် စီးပွားရေး လုပ်ထုံးများ၊ လူ့အခွင့်အရေးနှင့် စီးပွားရေးအတွက် ကုလသမဂ္ဂ လမ်းညွှန်ချက်၊ OECD လမ်းညွှန်ချက်များ၊ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်နှင့် ကုန်စည်ထုတ်လုပ် စီးဆင်းရေး အတွက် ထောက်ပံ့မှုတွင် အလုပ်ခွင်အခြေအနေများ တိုးတက်မှုနှင့် ဆက်စပ်သော နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) သဘောတူညီချက်နှင့် အကြံပြုချက်များအား ကိုးကားထားပါသည်။

amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများကို ထောက်ခံအတည်ပြုပေးသည့် စီးပွားရေး လုပ်ငန်းများသည် ဤစာရွက်စာတမ်းတွင် သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ပြုမူဆောင်ရွက်ရန် ကတိပြုထားပြီး လူ့အခွင့်အရေး လေးစားလိုက်နာရန် ၎င်းတို့ ဩဇာနယ်ပယ်အတွင်း တာဝန်ဝတ္တရားများဖြည့်ဆီးရေးကို ကတိပြုထားပါသည်။

amfori BSCI နှင့် ၎င်း၏ပူးပေါင်းဆောင်ရွက်သူများသည် (**amfori BSCI Participants**) လူမှုတာဝန်သိသော စီးပွားရေးလုပ်ငန်း၏ မူဝါဒများကို တွန်းအားပေးရန် စီးပွားရေး စပ်တူလုပ်ငန်းရှင်များကြား အပြုသဘောဆောင်ပြီး ပွင့်လင်းသော ဆွေးနွေးမှုများကို လက်ကိုင်ပြု ဆောင်ရွက်ပါသည်။ ထို့အပြင် ရေရှည်ခိုင်မာသည့် စီးပွားရေး လုပ်ငန်းများအတွက် လုပ်သားများနှင့်စီမံအုပ်ချုပ်ရေးမှာ အဓိကသော့ချက်ဖြစ်သဖြင့် လုပ်သားနှင့်စီမံအုပ်ချုပ်ရေးကြား ရင့်သန်သော စက်မှုလုပ်ငန်း ဆက်စပ်မှုတည်ဆောက်ခြင်းအား ၎င်းတို့သိမြင်နားလည်ထားပါသည်။

# II. အဓိပ္ပါယ်ဖွင့်ဆိုခြင်း

amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးတွင်၊ "စီးပွားရေး လုပ်ငန်းများ" (business enterprises) အသုံးအနှုန်းတွင် amfori BSCI Participants နှင့် ကုန်စည်ထုတ်လုပ်စီးဆင်းထောက်ပံ့မှုရှိ ၎င်းတို့၏ စပ်တူစီးပွားရေး လုပ်ငန်းရှင်များ အထူးသဖြင့် ထုတ်လုပ်သူများတို့ အကျုံးဝင်ပါသည်။

amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးများ၏ အဆုံးတွင် ကိုးကားထားသည့် နောက်ဆက်တွဲ (အကောင်အထည်ဖော်ဆောင်မှု စည်းကမ်းချက်များ၊ amfori BSCI ကိုးကားချက်များနှင့် amfori BSCI ခက်ဆစ်) သည် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံး၏ ပြီးပြည့်စုံသော ကဏ္ဍတစ်ရပ်ကို ဖွဲ့စည်းပေးပါသည်။ amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးကို ၎င်းတို့နှင့်တကွ ဖတ်ရှုပြီး အဓိပ္ပါယ်ပြန်ဆိုရမည်ဖြစ်သည်။

ကုန်စည်ထုတ်လုပ်စီးဆင်းထောက်ပံ့မှုရှိ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် amfori BSCI အတွင်း လုပ်ငန်းများအား စောင့်ကြည့်စစ်ဆေးမှုရှိမရှိအပေါ် မူတည်ပြီး စီးပွားရေး လုပ်ငန်းတိုင်းတွင် လိုက်နာရမည့် အကောင်အထည် ဖော်ဆောင်မှု စည်းကမ်းချက်အမျိုးမျိုး ရှိပါသည်။

# III. မိမိတို့၏ စံတန်ဖိုးများ

amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးအား အတည်ပြုထောက်ခံပေးခြင်းနှင့် ယင်းအား ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် ဆက်သွယ်အသုံးပြုခြင်းဖြင့် amfori BSCI ပါဝင်ဆောင်ရွက်သူများကို အောက်ပါစံတန်ဖိုးများဖြင့် လမ်းညွှန်မှုပြုထားပါသည်-

- စဉ်ဆက်မပြတ် တိုးတက်မှု- amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးများကို တစ်ဆင့်ချင်း ဖော်ဆောင်သည့် နည်းဖြင့် အကောင်အထည်ဖော်ရန် တာဝန်ခံကတိပြုထားပါသည်။ amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏အဖွဲ့အစည်းအတွင်း အလုပ်ခွင်ဆိုင်ရာအခြေအနေများ

အစဉ်အဆက်တိုးတက်မှုရှိရေး မဖြစ်မနေဆောင်ရွက်မည်ဟု ၎င်းတို့၏စပ်တူလုပ်ငန်းရှင်များအပေါ် ယုံကြည်ထားပါသည်။

- **ပူးပေါင်းဆောင်ရွက်မှု-** အတူတကွလက်တွဲဆောင်ရွက်ပြီး တူညီသော ချဉ်းကပ်နည်းကိုသုံးခြင်းဖြင့် amfori BSCI Participants တွင် ပိုမိုကြီးမြတ်သည့် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး ၎င်းတို့ ကုန်စည်ထုတ်လုပ်စီးဆင်းမှုရှိ အလုပ်ခွင်ဆိုင်ရာ အခြေအနေများ တိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် အခွင့်အရေး ရရှိမည်။ ပူးပေါင်းဆောင်ရွက်ရေး တန်ဖိုးသည် အထူးသဖြင့် တိုးတက်လာစေရန် အကူအညီလိုအပ်သူများပါဝင်သော ကုန်စည် ထုတ်လုပ်စီးဆင်း ထောက်ပံ့မှုတွင်ပါသည့် စီးပွားရေး လက်တွဲဖော်များနှင့် ဆက်ဆံရေးတွင်လည်း တန်းတူညီစွာ အရေးကြီးပါသည်။

  ထိုနည်းတူစွာပင်၊ ပူးပေါင်းဆောင်ရွက်ရေး စိတ်ဓာတ်သည် စီးပွားရေးနှင့် ရာထူးအဆင့်ဆင့်ရှိ သက်ဆိုင်ရာ ပါဝင်ပတ်သတ်သူများကြား ဆက်ဆံရေးမှာလည်း အလွန်အရေးကြီးပါသည်။

- **လုပ်ပိုင်ခွင့်အာဏာလွှဲပြောင်းပေးမှု-** amfori BSCI ၏အဓိကကျသည့် ရည်ရွယ်ချက်မှာ amfori BSCI ပါဝင်ဆောင်ရွက်သများနှင့် ၎င်းတို့၏ စပ်တူစီးပွားရေး လုပ်ငန်းရှင်များ အထူးသဖြင့် စောင့်ကြည့်စစ်ဆေးခံရမည့် ထုတ်လုပ်သူများအား လုပ်ပိုင်ခွင့်ပေးအပ်ရန်၊ လူ့အခွင့်အရေးနှင့် အလုပ်သမား အခွင့်အရေးအား လေးစားလိုက်နာသည့်ပုံစံဖြင့် ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်း ဖော်ဆောင်ရန်အပြင် ရေရှည်ခိုင်မြဲသည့် လုပ်ထုံးဖြင့် အလုပ်ခွင် အခြေအနေများ တိုးတက်ရေး လိုအပ်သည့် သင်ထောက်ကူများ ပါရှိသည့် ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် စီးပွားရေး လုပ်ငန်းခွဲများကို ပေးအပ်ရန်ဖြစ်သည်။ အဖွဲ့အစည်းတွင်း စီမံအုပ်ချုပ်ရေး စနစ်များဖော်ဆောင်မှုသည် စီးပွားရေးလုပ်ငန်းအစဉ်အလာ၏ အမြဲတေသကဲ့သို့ amfori BSCI မူဝါဒများဆောင်ကျဉ်းရာတွင် အထူးအရေးကြီးသည့် ကဏ္ဍတွင်ပါဝင်သည်။

# IV. အကောင်အထည် ဖော်ဆောင်မှု

amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးများတွင် သတ်မှတ်ထားသည့် မူဝါဒများသည် ၎င်းတို့၏ ကုန်စည် ထုတ်လုပ်စီးဆင်းမှု၏ လူမှုရေးတာဝန်များနှင့်ပတ်သက်၍ amfori BSCI ပါဝင်ဆောင်ရွက်သူများတွင်

ရှိသည့်**အကောင်းဆုံး ပြင်ဆင်ထားသည့် ပြင်းပြသောဆန္ဒနှင့် အနည်းဆုံး မျှော်လင့်ထားမှု** ကို ကိုယ်စားပြုပါသည်။

ပြင်းပြမှုရည်မှန်းချက်မှာ အပြောင်းအလဲမရှိဘဲ တွင်ကျန်ရစ်မည်ဖြစ်သော်လည်း စိစစ်အတည်ပြုနိုင်သော လူမှုရေးစံနှုန်းများအဖြစ် ဘာသာပြန်ဆိုထားပါသည့် amfori BSCI ကျင့်ဝတ်နှင့် အလုပ်အတွက် အနိမ့်ဆုံးမျှော်လင့်ချက်က လူမှုအသိုင်းအဝိုင်းတွင် အပြောင်းအလဲနှင့်အတူ လိုက်ပါပြောင်းလဲသွားနိုင်ပါသည်။

**amfori BSCI ပါဝင်ဆောင်ရွက်သူများသည် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးတွင် သတ်မှတ်ထားသည့် ရည်မှန်းချက်များဆွတ်ခူးနိုင်ရန် ကျိုးကြောင်းဆီလျော်သော အားထုတ်မှုများကို အသုံးပြုသွားပါမည်။** amfori BSCI ပါဝင်ဆောင်ရွက်သူများ သည် ၎င်းတို့၏ စပ်တူလုပ်ငန်းရှင်များ အားလုံးကိုအချိန်ပြည့် လေ့လာမှု အပြည့်အဝပြုလုပ်ရန် အာမခံပေးနိုင်သလို တစ်ဖက်တွင်လည်း အထူးသဖြင့် amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံးလုပ်နည်းများ လေ့လာမှုအားမရှိသည့် အခြေအနေရှိသော ကဏ္ဍများတွင်ဖြစ်စေ ဒေသများတွင်ဖြစ်စေ amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးပါ မူဝါဒများနှင့်အညီ လိုက်နာကျင့်သုံးရေး ကျိုးကြောင်းဆီလျော်သော လုပ်ထုံး ဆောင်ရွက်ရန် ကတိပြုထားပါသည်။ အားလုံးသိပြီး ဖြစ်သည့်အတိုင်း၊ အပြည့်အဝ လေ့လာမှုတစ်ရပ်မှာ အချိန်အတော်အတန်ကြာပြီး ရင်းမြစ်များနှင့် အားထုတ်မှု အများအပြားလိုအပ်သည့် လုပ်ငန်းစဉ်ဖြစ်သည့်ပြင်၊ ကွာဟမှုများ၊ လိုအပ်ချက်များ၊ ပျက်ကွက်မှုများနှင့် ကြိုတင်မသိနိုင်သော အဖြစ်အပျက်တို့က ဖြစ်နိုင်ချေအဖြစ် အမြဲတစေ ကျန်ရှိနိုင်ပါသည်။ သို့သော်ငြားလည်း၊ amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ ကုန်စည်ထုတ်လုပ်စီးဆင်းမှုတွင် အဆိုပါပျက်ကွက်မှုများအားလုံးကို အစောတလျှင်ရှာသိခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုစားခြင်းပြုလုပ်ရန် အခိုင်အမာကတိပြုထားသလို လူမှုရေးတာဝန်သိလိုက်နာမှုနှင့်ဆက်စပ်ပြီး စင်စစ်စိုးရိမ်ပူပန်သော အများပြည်သူများနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် မျက်စိဖွင့်နားစွင့်ထားပါမည်။

## လုပ်ထုံးများကို လေးစားလိုက်နာခြင်း

ပြည်တွင်းဥပဒေများကို လိုက်နာခြင်းမှာ စီးပွားရေးလုပ်ငန်းအတွက် ပထမဆုံးသော ဝတ္တရားဖြစ်ပါသည်။ ပြည်တွင်းဥပဒေများနှင့် စည်းမျဉ်းများမှာ amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးနှင့် ကွဲလွဲနေသည့်အခါသော်လည်းကောင်း မတူညီသော အကာအကွယ်ပေးမှု တစ်ရပ်သတ်မှတ်ထားရှိသည့် အခါသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများသည် လုပ်သားနှင့်သဘာဝပတ်ဝန်းကျင်အတွက် အမြင့်ဆုံး ကာကွယ်ပေးမှုရှိသည့် မူဝါဒများကို လေးစားလိုက်နာသင့်ပါသည်။

## ကုန်စည်ထုတ်လုပ်၊ စီးဆင်းထောက်ပံ့စီမံခြင်းနှင့် ကြိုတင်မသိနိုင်သော သက်ရောက်မှု

amfori BSCI ပါဝင်ဆောင်ရွက်သူများသည် ၎င်းတို့၏ ဝယ်ယူမှု အလုပ်များမှတဆင့် ၎င်းတို့၏ ကုန်စည်ထုတ်လုပ် စီးဆင်းမှုများတွင် လူမှုရေး အပြောင်းအလဲများကို ဩဇာလွှမ်းမိုးရန် ၎င်းတို့၏ စွမ်းပကားကို အသိအမှတ်ပြုပါသည်။ ၎င်းတို့က စပ်တူစီးပွားရေး လုပ်ငန်းရှင်များနှင့် ၎င်းတို့၏ ဆက်ဆံရေးကို တာဝန်သိသောပုံစံဖြင့် စီမံခန့်ခွဲပြီး စပ်တူ လုပ်ငန်းရှင်များကလည်း အလားတူဆောင်ရွက်ရန် မျှော်လင့်ထားပါသည်။

၄င်းသည် စီးပွားရေးလုပ်ငန်းတိုင်းက (a) ၎င်းတို့၏အသီးသီးသော စပ်တူလုပ်ငန်းရှင်များနှင့် ပါဝင်ပတ်သက်မှု၊ (b) amfori BSCI ကျင့်ဝတ်နှင့် လုပ်ထုံး အကောင်အထည်ဖော်ရန် လိုအပ်သည့် ၎င်း၏ ဩဇာသက်ရောက်မှု နယ်ပယ်တိုင်းတွင် ကျိုးကြောင်းဆီလျော်ပြီး သင့်တော်သော လုပ်ထုံး အားလုံး ဆောင်ရွက်မှု နှင့် (c) ဘေးလျော့ချရန်လိုအပ်သော မည်သည့် စိန်ခေါ်မှု မဆိုအား အချိန်ကို ဖော်ထုတ်နိုင်ရန် အချက်အလက် ဖလှယ်မှုတို့ပါသည့် ပူးပေါင်းဆောင်ရွက်မှု ချဉ်းကပ်နည်း တစ်ရပ် လိုအပ်ပါသည်။

amfori BSCI ပါဝင်ဆောင်ရွက်သူများနှင့် ၎င်းတို့၏ စပ်တူ စီးပွားရေး လုပ်ငန်းရှင်များသည် ဘေးအန္တရာယ်မြင့်မားသည့် ဒေသ သို့မဟုတ် ကဏ္ဍများထံမှ ရင်းမြစ်ရယူသည့်အခါများတွင် လူ့အခွင့်အရေးအား မည်သည့် တန်ပြန်သက်ရောက်မှု မဆို၏ အခြေခံအကြောင်းရင်းအား နောက်ထပ် အသေးစိတ်ဖော်ဆောင်ရန် ကြိုးပမ်းပါသည်။ ဤတာဝန်ကို ထည့်သွင်းရန် စီးပွားရေး လုပ်ငန်းများသည် ကြိုတင် စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သလို လိုအပ်သည့် စီမံအုပ်ချုပ်ရေး စနစ်များ၊ မူဝါဒများနှင့် လုပ်ငန်းများကို ကျိုးကြောင်းဆီလျော်သော အတိုင်းအတာ တစ်ခုအထိ ဖော်ဆောင်ထားသင့်သည့်အပြင် ကုန်စည်ထုတ်လုပ် စီးဆင်းမှုတွင် ရှာတွေ့နိုင်သော လူ့အခွင့်အရေးဆိုင်ရာ တန်ပြန်သက်ရောက်မှု မှန်သမျှကို ထိရောက်စွာ တားဆီးပြီး ကိုင်တွယ်ဖြေရှင်းသင့်ပါသည်။

စောင့်ကြည့်စစ်ဆေးခံမည့် ထုတ်လုပ်သူများအတွက် ၎င်းတို့၏စီးပွားရေး လည်ပတ်ကျင့်သုံးမှုများတွင် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးကိုထည့်သွင်းရန် ထိရောက်သော နည်းလမ်းအဖြစ် အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်များအား အထူးတိုက်တွန်းအားပေးသင့်ပေသည်။

amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးအား အကောင်အထည်ဖော်ရန် ရုန်းကန်ရမှုကြောင့် စပ်တူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် စီးပွားရေး ဆက်ဆံမှုအဆုံးသတ်ခြင်း သို့မဟုတ် တစ်သီးပုဂ္ဂလ စာချုပ်ချုပ်ဆိုမှု အဆုံးသတ်ခြင်းကို မရနိုင်သည့် နောက်ဆုံး နည်းလမ်း အဖြစ်သာ ထည့်သွင်းစဉ်းစားပါသည်။ သို့သော် စပ်တူလုပ်ငန်းရှင်သည် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးတွင် သတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်လျှင်ဖြစ်စေ amfori BSCI

ကျင့်ဝတ်နှင့်လုပ်ထုံးနှင့်အညီ နှင့်/သို့မဟုတ် တွင် သတ်မှတ်ထားသည့် ဝတ္တရားများတစ်ခုခုကိုလိုက်နာရန်လိုအပ်သည့် လုပ်ထုံးများကို တာဝန်ခံဆောင်ရွက်ရန်ဆန္ဒမရှိလျှင်ဖြစ်စေ စီးပွားရေးဆက်ဆံမှုသို့မဟုတ် တစ်သီးပုဂ္ဂလစာချုပ်ချုပ်ဆိုမှုကို အဆုံးသတ်ရန် လိုအပ်ကောင်းလိုအပ်နိုင်ပေသည်။

## အလုပ်သမားများ ပါဝင်ပတ်သက်မှုနှင့် ကာကွယ်မှုပေးခြင်း

အလုပ်ခွင်ပြဿနာများနှင့်ပတ်သက်၍ အမှားကင်းသည့် အချက်အလက်များဖလှယ်ရာတွင် လုပ်သားများနှင့် ၎င်းတို့၏ကိုယ်စားလှယ်များပါဝင်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်ရေး ကျင့်သုံးမှုထူထောင်သင့်သလို amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံး၏ ရည်မှန်းချက်နှင့်အညီ ထပ်တူဖော်ဆောင်ရာတွင် လုပ်သားများအား ကာကွယ်ပေးရေး သင့်တော်သော လုပ်ထုံးများကို စီးပွားရေး လုပ်ငန်းများက ခွင့်ပြုပေးသင့်ပါသည်။ လုပ်သားများသည် ၎င်းတို့၏အခွင့်အရေးနှင့်တာဝန်များအား သတိမူနားလည်စေရန်အတွက် တိကျသည့် အဆင့်များကို စီးပွားရေး လုပ်ငန်းများက လုပ်ဆောင်သင့်ပါသည်။

ထို့အပြင်၊ စီးပွားရေးလုပ်ငန်းများသည် စီးပွားရေး လည်ပတ်မှုလုပ်ငန်းခွင်တွင် ဤကျင့်သုံးမှုများကို အောင်မြင်စွာထည့်သွင်းကျင့်သုံးရန် ဝန်ထမ်းများ၊ စီမံအုပ်ချုပ်သူများ၊ လုပ်သားများနှင့် လုပ်သားကိုယ်စားများကြား လုံလောက်သည့် အစွမ်းအစကို တည်ဆောက်ပေးရန်လိုအပ်သည်။ အလုပ်ခွင်အဆင့်တစ်စီတိုင်းတွင် ရှေ့ဆက်ပညာရေးနှင့်လေ့ကျင့်ပေးမှုမှုလိုအပ်သည်၊ အထူးသဖြင့် အလုပ်ခွင်တွင်း ကျန်းမာရေးနှင့် ဘေးကင်းရေးနှင့်ဆက်စပ်လာလျှင်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် တန်ပြန်အကျိုးသက်ရောက်မှုခံစားရသည့် အသိုင်းအဝိုင်းနှင့် တစ်သီးပုဂ္ဂလများအတွက် ထိရောက်သော လုပ်ငန်းခွင်ဆိုင်ရာ -အဆင့် နစ်နစ်မှု ဖြေရှင်းနည်းလမ်းများကို ထူထောင်သင့်သလို ပူးပေါင်းပါဝင်သင့်သည်။ တရားစီရင်ရေးစနစ်များ ထိရောက်မှုရှိပြီး ရင်းမြစ်ကောင်းစွာရရှိသည့်နေရာများသည်ပင်လျှင် နစ်နာချက်ဖြေရှင်းနည်းလမ်းများသည် ရယူသုံးစွဲမှုနှင့် ကုစားချက် အမြန်နှုန်း၊ ကုန်ကျစရိတ်လျော့ချရေးနှင့် အကူးအပြောင်းဖြစ်မှုကဲ့သို့သော အထူးအားသာချက်များကို ပေးစွမ်းနိုင်ပါသည်။

# V. မူဝါဒများ

amfori BSCI ပါဝင်ဆောင်ရွက်သူများက ၎င်းတို့၏ စပ်တူစီးပွားရေးလုပ်ငန်းရှင်များအား amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးများကို လေ့လာထားစေလိုသည်။ ထို့အပြင်၊ အောက်ပါမူဝါဒများနှင့်အညီဆောင်ရွက်ရန် စောင့်ကြည့်စစ်ဆေးခံရသောမည်သည့် စပ်တူလုပ်ငန်းရှင်မဆိုသည် (a) amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးအား သူတို့နည်းသူတို့ဟန်ဖြင့် မဖြစ်မနေလေ့လာထားရန် လိုအပ်သည့် လုပ်ထုံးများ အားလုံးကိုဆောင်ရွက်ထားကြောင်း (b) ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်(များ) တွင်ပါဝင်သည့် ၎င်းတို့၏ စပ်တူလုပ်ငန်းရှင်အားလုံးသည် amfori BSCI ကျင့်ဝတ်နှင့်လုပ်ထုံးအားသေချာလေ့လာထားရန် သင့်တော်သော လုပ်ထုံးကိုဆောင်ရွက်ထားကြောင်း အထောက်အထားပြရမည်။

## လွတ်လပ်စွာ ပေါင်းသင်းဆက်ဆံခြင်းနှင့် အတူတကွ ညှိနှိုင်း၊ အဖြေရှာရေးဆိုင်ရာ အခွင့်အရေးများ

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည်- (a) လွတ်လပ်ပြီးဒီမိုကရေစီကျသည့်ပုံစံဖြင့် သမဂ္ဂများ ဖွဲ့စည်းနိုင်သည့် အလုပ်သမားများ အခွင့်အရေးကိုလေးစားပါသည်၊ (b) သမဂ္ဂဝင်ဖြစ်မှုကြောင့်အလုပ်သမားများအား ခွဲခြားဆက်ဆံမှုမပြုပါနှင့် (c) အလုပ်သမားများ၏ အတူတကွ ညှိနှိုင်း၊ အဖြေရှာရေးအခွင့်အရေးကိုလေးစားပါသည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်သမားများ၏ ကိုယ်စားလှယ်များက အလုပ်ခွင်၌ အလုပ်သမားများအား တွေ့ဆုံခွင့်ကို မတားဆီးရ သို့မဟုတ် အလုပ်သမားများနှင့် အပြန်အလှန် ဆက်သွယ်မှုကို မပိတ်ပင်ရပါ။

အလုပ်သမား သမဂ္ဂလှုပ်ရှားဆောင်ရွက်မှုမှာ တရားမဝင်သည့်အခါတွင်သော်လည်းကောင်း လွတ်လပ်ပြီး ဒီမိုကရေစီကျသည့် သမဂ္ဂကို ခွင့်မပြုသည့်နိုင်ငံတွင်သော်လည်းကောင်း စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်ခွင်ဆိုင်ရာ ပြဿနာများ အကြောင်း ကုမ္ပဏီနှင့်ဆွေးနွေးနိုင်သည့် လုပ်သားများ၏ ကိုယ်စားလှယ်များအား လုပ်သားများ ကိုယ်တိုင်ရွေးချယ် တင်မြှောက်ခွင့်ပြုပေးခြင်းဖြင့် ဤမူဝါဒကို အတိအကျလိုက်နာ လေးစားလိုက်နာစေရမည်။

## ခွဲခြားဆက်ဆံခြင်းမရှိစေရ

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် လူတစ်ဦးအား လိင်၊ အသက်အရွယ်၊ ဘာသာ၊ လူမျိုး၊ အမျိုးဇာတ်၊ မွေးဖွားရာနေရာ၊ လူမှုရေးနောက်ခံ၊ မသန်စွမ်းမှု၊ မျိုးနွယ်စု နှင့်နိုင်ငံသားဖစ်မြစ်၊ နိုင်ငံသား၊ သမဂ္ဂဝင် သို့မဟုတ် တရားဝင် အဖွဲ့အစည်းတစ်ခုခုတွင် ပါဝင်မှု၊ နိုင်ငံရေးတွင် ပါဂင်ပတ်သက်မှု သို့မဟုတ် ယူဆချက်၊ လိင်ပိုင်း ဆိုင်ရာခံယူမှု၊ မိသားစု တာဝန်များ၊ အိမ်ထောင်ရှိမှု၊ ရောဂါရှိသူ သို့မဟုတ် ခွဲခြားဆက်ဆံမှုခံရနိုင်သော အခြားမည်သည့် အခြေအနေတစ်ရပ်ရပ်အား အကြောင်းပြုပြီး ခွဲခြားဆက်ဆံမှု၊ ချန်လုပ်မှု သို့မဟုတ် မျက်နှာသာပေးမှုမပြုလုပ်ရ။ အထူးသဖြင့် အထက်ဖော်ပြပါ အကြောင်းရင်းတစ်ခုခုကြောင့် အလုပ်သမားများအား နှောင့်ယှက်တိုက်ခိုက်ခြင်း သို့မဟုတ် စည်းကမ်း တင်းကြပ်ခြင်းမပြုလုပ်ရ။

## တရားမျှတသည့် လုပ်အားခ

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်သမားများ ကိုယ်တိုင်နှင့် ၎င်းတို့၏မိသားစုများအတွက် သင့်တင့်ကောင်းမွန်စွာ အသက်ရှင်ရပ်တည်နိုင်ရန် လုံလောက်ပြီး တရားမျှတသည့် လုပ်အားခများအား လုပ်သားများ ရရှိပိုင်ခွင့်၊ တရားဝင်ပေးအပ်ထားသည့် လူမှုရေးအကျိုးအမြတ်များအား လုပ်သားများ ရရှိခွင့်ကို ဤစာရွက်စာတမ်းတွင် သတ်မှတ်ထားသော မျှော်မှန်းချက်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အတိအကျ လေးစားလိုက်နာရန် ဤမူဝါဒကို လေ့လာထားရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အစိုးရက တရားဝင်သတ်မှတ်ပေးထားသည့် အနိမ့်ဆုံးလုပ်အားခကို လည်းကောင်း အတူတကွ ညှိနှိုင်း၊ အဖြေရှာမှုတွင်ပါရှိသည့် အခြေခံအချက်များအား အတည်ပြုထားသည့် လုပ်ငန်းနယ်ပယ် စံချိန်စံနှုန်းကိုလည်းကောင်း မည်သည်က ပို၍မြင့်မားသည်ဖြစ်စေ အနိမ့်ဆုံးလုပ်အားခပေးအပ်မှုနှင့် အညီ လိုက်နာရမည်။

လုပ်အားခများကို အချိန်မှန်၊ ပုံမှန်နှင့် တရားဝင်စျေးနှုန်းများအတိုင်း ပေးအပ်ရမည်။ ထောက်ပံ့ကြေး၊မုန့်ဖိုး "ငွေအစားပစ္စည်း သို့မဟုတ် ထို့နည်းတူပေးအပ်ခြင်း စေတနာဖြင့် (in kind)" တစ်ချို့တစ်ဝက်ပေးအပ်မှုကို ILO သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လက်ခံပါသည်။ လုပ်အားခ နှုန်းထားများမှာ လုပ်သား၏ ကျွမ်းကျင်မှု၊ ပညာအရည်အချင်းနှင့် ကိုက်ညီရမည်ဖြစ်ပြီး ၎င်းတို့အား ပုံမှန်အလုပ်လုပ်ချိန် နာရီများအတိုင်း ပေးအပ်ရမည်။

နှုတ်ယူမှုများကို စည်းကမ်းချက်များအောက်တွင်သာ ခွင့်ပြုထားပြီး စုပေါင်းသဘောတူညီချက်အရ ပြင်ဆင်မှုသို့မဟုတ် ဥပဒေမှ ပြဋ္ဌာန်းထားသည့် အတိုင်းအတာတစ်ခုထိသာ ထုတ်နှုတ်ယူနိုင်မည်။

## သင့်တင့်လျောက်ပတ်သော အလုပ်လုပ်ချိန်

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် တစ်ပတ်လျှင် ပုံမှန် 48 နာရီထက်မပိုဘဲ အလုပ်သမားများ အလုပ်ဆင်းသည်ကို လုပ်ငန်းရှင်များက သေချာစိစစ်သည့်အခါ ဤစာရွက်စာတမ်းတွင် သတ်မှတ်ထားသော မျှော်လင့်ချက်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အတိအကျ လေးစားလိုက်နာရန် ဤမူဝါဒကို လေ့လာထားရမည်။ သို့သော်၊ amfori BSCI သည် ILO က သတ်မှတ်ထားသည့် အသေးစိတ် အချက်အလက်များကို အသိအမှတ်ပြုပါသည်။

ချမှတ်ထားသည့် နိုင်ငံဥပဒေများ၊ လုပ်ငန်းနယ်ပယ် စံနှုန်းများ သို့မဟုတ် စုပေါင်းသဘောတူညီချက်များကို ILO က ချမှတ်ဖော်ပြထားသည့် နိုင်ငံတကာစံနှုန်း မူဝါဒများနှင့်အညီ အဓိပ္ပါယ်ပြန်ဆိုရမည်။

ILO က သတ်မှတ်ထားသည့် ခြွင်းချက် ကိစ္စရပ်များတွင်၊ အထက်တွင် ဖော်ပြပါ အလုပ်လုပ်ချိန် ကန့်သတ်ချက်ထက် ကျော်သွားနိုင်ခြေရှိသည်၊ ယင်းသို့ဖြစ်ပါက အချိန်ပိုအဖြစ် သတ်မှတ်ပေးနိုင်ပါသည်။

အချိန်ပိုအသုံးပြုမှုဆိုသည်မှာ ခြွင်းချက်ဖြစ်ရမည်၊ ဆန္ဒအလျောက်ဖြစ်ရမည်၊ ပုံမှန်နှုန်းထားထက် တစ်ပုံနှင့် သုံးပုံတစ်ပုံထက် မလျော့သည့် အထူးနှုန်းထားဖြင့် လုပ်အားခပေးရမည်ဖြစ်၍ အလုပ်ခွင်ဆိုင်ရာ ဘေးအန္တရာယ် အလွန်အမင်း မြင့်မားမှုမျိုး မရှိစေရ။ ထို့အပြင် စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည်၎င်းတို့၏ အလုပ်သမားများကို စုပေါင်း သဘောတူညီချက်ပါ စည်းကမ်းချက်များ အကျုံးမဝင်ပါက အလုပ်ဆင်းသည့်နေ့တိုင်း ခေတ္တနားချိန်များရရှိခွင့်၊ ခုနစ်ရက်တစ်ပတ်လျှင် အနည်းဆုံး တစ်ရက် အနားယူခွင့်ကို ပေးအပ်ရမည်။

## အလုပ်ခွင် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် လုပ်သားများ ဒေသဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ၏ ကျန်းမာရေးနှင့် ညီညွတ်သော အလုပ်လုပ်ကိုင်မှု၊ အသက်ရှင်ရပ်တည်မှု အခြေအနေများရရှိခွင့်ကို ဤစာရွက်စာတမ်းတွင် သတ်မှတ်ထားသော မျှော်မှန်းချက်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အတိအကျ လေးစားလိုက်နာရန် ဤမူဝါဒကို လေ့လာထားရမည်။ သက်ငယ်လုပ်သားများ၊ ကိုယ်ဝန်ဆောင်သည်၊ မိခင်အသစ်များ၊ မသန်စွမ်းများ သာမက အားနည်းသောသူများအပါအဝင် တစ်သီးပုဂ္ဂလတို့သည် အထူး အကာအကွယ်ပေးမှု ရရှိစေရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်ခွင် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး စည်းမျဉ်းများကိုလည်းကောင်း၊ ပြည်တွင်း ဥပဒေစိုးမိုးမှု အားနည်းသည့်နေရာ သို့မဟုတ်

အာဏာသက်ရောက်မှု နည်းပါးသည့် ဒေသတို့တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

ဘေးကင်းလုံခြုံပြီး ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်ခွင်ပတ်ဝန်းကျင်တစ်ရပ် မဖြစ်မနေဖန်တီးမှုရေးရှုသော စနစ်များကိုဖော်ဆောင်ရန်နှင့် အကောင်အထည်ဖော်ရန် စီမံအုပ်ချုပ်ရေးနှင့် လုပ်သားများ နှင့်/သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်များကြားတွင် တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုမှာ မရှိမဖြစ် လိုအပ်ပါသည်။ အလုပ်ခွင် ကျန်းမာရေးနှင့် လုံခြုံဘေးကင်းရေး ကော်မတီများဖွဲ့စည်းခြင်းဖြင့် ယင်းကို အောင်မြင်စွာ လုပ်ဆောင်နိုင်သည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအား ခြိမ်းခြောက်နိုင်သော အလားအလာများကို ရှာသိရန်၊ စမ်းစစ်ရန်၊ ရှောင်ရှားပြီး တုန့်ပြန်ရန် စနစ်များသေချာထားရှိရမည်။ လုပ်ငန်းရှင်များသည် အလုပ်ခွင်အတွင်း ဖြစ်ပွားသော သို့မဟုတ် အလုပ်ခွင်နှင့်ဆက်စပ်၍ ဖြစ်ပွားသော မတော်တဆမှုကြောင့် လုပ်သားများ ထိခိုက်ခြင်း၊ ဒဏ်ရာရခြင်း၊ ဖျားနာခြင်း အစရှိသည်တို့အား တားဆီးရန် ထိရောက်သည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးရမည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများသည် အလုပ်ခွင်အတွင်း ရှိရင်းစွဲ ဘေးအန္တရာယ်များ ဖြစ်ရသည့်အကြောင်းရင်းကို အတတ်နိုင်ဆုံး နည်းနိုင်သမျှနည်းအောင် လျှော့ချပေးနိုင်ရမည်။

မတော်တဆမှု ဖြစ်ပွားသည့်အခါတွင် လုပ်သားများအား အကာအကွယ်ပေးမှု ပိုမိုတိုးတက်စေရေး မရှိမဖြစ်ရှိထားရမည့် အာမခံ စီမံချက်များကိုလည်း စပ်တူစီးပွားရေး လုပ်ငန်းရှင်များက ဝယ်ယူပေးရမည်။

အလုပ်ရှင်က ပေးအပ်ထားသည့် အလုပ်သမားများတန်းလျား၊ အဆောက်အဦ နေအိမ်များအပါအဝင် ၎င်းတို့အသုံးပြုသည့် စက်ကိရိယာနှင့်အဆောက်အဦများ၏ တည်ငြိမ်မှုနှင့် ဘေးကင်းလုံခြုံရေးကိုသိမြင်ရန်၊ ကြိုတင်တွက်ဆနိုင်သော အရေးပေါ် အခြေအနေရပ်များ မဖြစ်အောင်တားဆီးရန် စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် သင့်တော်သော လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရမည်။ စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ဖြစ်အံ့သော အန္တရာယ်အခြေအနေတွင် ခွင့်ပြုချက်မယူဘဲ အဆောက်အဦ ဥပစာအတွင်းမှ ထွက်သွားနိုင်သည့် အလုပ်သမားများ၏အခွင့်အရေးကို လေးစားလိုက်နာရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်ခွင်တွင်း အသုံးပြုနိုင်သော ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အသုံးအဆောင်များကို မဖြစ်မနေ အသင့်ထားရှိအသုံးပြုရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် သောက်ရေသန့် ထားပေးခြင်း၊ ဘေးကင်းပြီးသန့်ရှင်သော စားသောက်နေရာများ၊ နားနေရာများ အပြင် ဘေးကင်းပြီးသန့်ရှင်းသော ချက်ပြုရန် နေရာ မီးဖိုချောင်၊ စတိုခန်းများကို မဖြစ်မနေထားရှိပေးရမည်။ ထို့အပြင်၊ စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည်

ထိရောက်သည့် တစ်ကိုယ်ရေ အကာအကွယ်သုံးကိရိယာများ Personal Protective Equipment (PPE) ကို အလုပ်သမားအားလုံးအား အခမဲ့ ပေးအပ်ရမည်။

## ကလေးလုပ်သားများ လုံးဝ အသုံးမပြုပါ။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ILO က အသိအမှတ် ပြုထားသည့် သတ်မှတ်ချက်များနှင့် အကျုံးမဝင်ပါက ဥပဒေအရ သတ်မှတ်ထားသည့် အထက်တန်းကျောင်းပြီးသည့်အရွယ် အသက် 15 နှစ်အောက် ကလေးများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်သားငှားရမ်း အသုံးမပြုရန် ဤမူဝါဒကို လေ့လာထားရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် အလုပ်သမားသစ် စုဆောင်းရေးလုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ခိုင်မာတိကျသော အသက် စစ်ဆေးအတည်ပြုရေး လုပ်ထုံးလုပ်နည်းများကို အလုပ်သမားအား သိမ်ငယ်စေသော သို့မဟုတ် မလေးစားရာရောက်သော ပုံစံမဟုတ်သည့် နည်းဖြင့် ဖွဲ့စည်းလုပ်ဆောင်ရမည်။ ဤမူဝါဒသည် ကလေးများအား မည်သည့်ပုံစံဖြင့်မဆို ခေါင်းပုံဖြတ်ခြင်း အကာအကွယ်ပေးရန် ရည်ရွယ်ပါသည်။ ကလေးများကို အလုပ်ထုတ်လိုက်သည့်အခါ ၎င်းတို့က ပြည့်တန်ဆာ သို့မဟုတ် မူးယစ်ဆေး တရားမဝင် ရောင်းဝယ်ဖောက်ကားမှု ကဲ့သို့သော အန္တရာယ်များသည့် အလုပ်များတွင် သွားရောက်လုပ်ကိုင်နိုင်သောကြောင့်၊ ဤသို့သော အခြေအနေအား အထူးဂရုစိုက်ကိုင်တွယ်ရမည်။ ကလေးများကို အလုပ်ခွင်မှဖယ်ရှားရာတွင် စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် သက်ရောက်မှုခံရသည့် ကလေးများအား သေချာအကာအကွယ်ပေးရန် အခြေအနေကိုဖန်တီးယူသည့် လုပ်ထုံး၊ လုပ်နည်းများကို ဖော်ထုတ်သင့်ပါသည်။ သင့်တော်သည့်အခါ အကျိုးသက်ရောက်ခံရသည့်ကလေးများ၏ မိသားစုဝင် အိမ်ထောင်ဦးစီး လူကြီးများအတွက် သင့်တော်သည့် အလုပ်ပေးအပ်ခြင်းစသည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးသင့်ပါသည်။

## ငယ်ရွယ်သည့် လုပ်သားများအတွက် အထူး ကာကွယ်ပေးခြင်း

စပ်တူ စီးပွားရေး လုပ်ငန်းရှင်များသည် ငယ်ရွယ်သည့် လုပ်သားများကို ညအချိန် အလုပ်မလုပ်ရန်၊ လုပ်သားများ၏ ကျန်းမာရေး၊ ဘေးကင်းရေး၊ စာရိတ္တပိုင်းဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်မှုအား ထိခိုက်နစ်နာစေသည့် အလုပ်မဖြစ်ရေး တားဆီးရန် မဖြစ်မနေ လုပ်ဆောင်သည့်အခါ ဤစာရွက်စာတမ်းတွင် သတ်မှတ်ထားသော မျှော်မှန်းချက်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အတိအလင်းလေးစားလိုက်နာရန် ဤမူဝါဒကို လေ့လာထားရမည်။

ငယ်ရွယ်သည့် လုပ်သားများကိုငှားရမ်းအသုံးပြုသည့်နေရာများတွင် စပ်တူစီးပွားရေး လုပ်ငန်းရှင်များက သေချာ စိစစ်လုပ်ဆောင်သင့်သည်မှာ (a) လုပ်သားများ၏ ကျန်းမာရေး သို့မဟုတ် ဖွံ့ဖြိုးမှုအား ထိခိုက်စေသည့် အလုပ်အမျိုးမစားမဖြစ်ရ၊ (b) လုပ်သားများ၏အလုပ်ချိန်မှာ သူတို့၏ကျောင်းတက်ချိန်၊ အခွင့်အာဏာပိုင်များမှအတည်ပြုထားသည့် အသက်မွေး ဝမ်းကျောင်းပညာရပ်လေ့လာမှုတွင် ပါဝင်နိုင်ခွင့် သို့မဟုတ် သင်တန်းနှင့် သင်ကြားပို့ချမှုအစီအစဉ်များမှ လုပ်သားများ အကျိုးဖြစ်ထွန်းနိုင်စွမ်းအား ထိခိုက်နစ်နာစေသည့် အလုပ်ချိန်မျိုးမဖြစ်ရ။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ငယ်ရွယ်သည့် လုပ်သားများတွင် ဖြစ်နိုင်သည့်ဘေးများကို တားဆီးရန်၊ ဖော်ထုတ်၍ ဖယ်ရှားရန် လိုအပ်သည့် လုပ်ထုံးများကို သတ်မှတ်လုပ်ဆောင်ကာ အလုပ်ခွင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး သင်တန်းများ၊ စီမံချက်များနှင့် အစီအစဉ်များအပြင် နစ်နာမှုအား ထိရောက်စွာဖြေရှင်းနည်းများကို စေတနာရှေ့ထားပြီး ငယ်ရွယ်သည့်လုပ်သားများအား တက်ရောက်လေ့လာခွင့်ပေးသင့်သည်။

## မရေရာသော အလုပ် ခန့်အပ်မှု မရှိရေး

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ဤအခန်းတွင်ဖော်ပြထားသည့် အသေးစိတ် သတ်မှတ်ချက်များနှင့်အညီ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရာတွင် ဤမူဝါဒကို လိုက်နာရမည်မှာ (a) လုပ်ငန်းရှင်များသည် ၎င်းတို့၏ အလုပ်အလုပ်ခန့်အပ်မှုမှာ လုပ်သားများအတွက် လုံခြုံစိတ်ချမှုမရှိခြင်း၊ လူမှုရေး သို့မဟုတ် စီးပွားရေး အားနည်း ယိုယွင်းစေခြင်း မဖြစ်ရန် သေချာစိစစ်ရမည်။ (b) အလုပ်တာဝန်ကို အလုပ်အကိုင်ခန့်အပ်မှုတွင် မှတ်တမ်းတင် အသိအမှတ်ပြုထားသည့်အတိုင်း ထမ်းဆောင်စေရမည်၊ မည်သည်က အကာအကွယ်ပိုပေးမှုမြင့်မား စေခြင်း အလုပ်ခန့်အပ်မှုမှာ နိုင်ငံ့ဥပဒေစိုးမိုးမှု၊ နိုင်ငံတကာ အလုပ်သမား စံချိန်စံညွှန်းများ၊ အစဉ်အလာနှင့် ကျင့်သုံးမှုများနှင့်အညီဖြစ်ရမည်။

အလုပ်အကိုင်ခန့်အပ်မှုမပြုမီ စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် လုပ်သားများအား ၎င်းတို့၏အခွင့်အရေးများ၊ တာဝန်များ၊ အလုပ်ချိန်၊ လစာနှင့် လစာထုတ်ပေးသည့် စည်းကမ်းချက်များတို့အပါအဝင် အလုပ်လုပ်ကိုင်မှု အခြေအနေများအကြောင်း နားလည်လွယ်သော အချက်အလက်ဖြင့် ပေးအပ်ရှင်းပြရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များက အထူးသဖြင့် ကလေးများကို ရွှေ့ပြောင်းထားသည့် အိမ်ရှိရာ မြို့များတွင် ထားခဲ့ရနိုင်သည့် ၎င်းတို့၏ မိဘများ သို့မဟုတ် စောင့်ရှောက်ပေးနေသူများဖြစ်သည့် ရွှေ့ပြောင်းလုပ်သားများနှင့် အခါအားလျော်စွာ လုပ်ကိုင်သူ၊ အမျိုးသားနှင့် အမျိုးသမီး

လုပ်သားနှစ်ဦးလုံးကို အကူအညီဖြစ်စေသည့် သင့်တော်သော အလုပ်အကိုင်နေရာများ ပံ့ပိုးပေးရန် ရည်ရွယ်သင့်သည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ဥပဒေ၏ ရည်ရွယ်ချက် အစစ်အမှန်နှင့် ဆက်စပ်မှုမရှိအောင် တမင်ကြံရွယ်သည့်နည်းဖြင့် အလုပ်ခန့်အပ်မှု သဘောတူညီချက်များကို မချုပ်ဆိုစေရ။ ဤတွင် - (a) ကျွမ်းကျင်မှု အရည်အချင်း မဖန်တီးပေးသော သို့မဟုတ် ပုံမှန်အလုပ်မပေးအပ်သည့် အလုပ်သင်ကာလ၊ အလုပ်သင်စီမံချက်များ (b) အလုပ်သမား၏ အကာအကွယ်ပေးမှုကို လျော့ပါးစေသည့် ရာသီအလိုက်အလုပ် သို့မဟုတ် လိုလျှင်လိုသလိုခေါ်သည့်အလုပ်များ နှင့် (c) အလုပ်ကြမ်း လုပ်ရန်ငှားရမ်းခြင်း တို့အပြင် အခြား အလုပ်များပါဝင်ပါသည်။ ထို့အပြင် အလုပ်သမားများ၏ အခွင့်အရေးလျော့ပါးစေရန် တစ်ဆင့်ခံ ကန်ထရိုက် စာချုပ်ဆိုခြင်းများမှာ အကျိုးရှိမည်မဟုတ်ပါ။

## ဝန်ခံချုပ်ဆိုရသည့် လုပ်အားမသုံးပါ။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် မည်သည့် အဓမ္မ ကျေးကျွန်ပြုခြင်း၊ ဖိအားပေးခိုင်းစေခြင်း၊ ဝန်ခံချုပ်ဆို၍ လုပ်အားသုံးခြင်း၊ ကတိဖြင့် အလုပ်လုပ်ခြင်း၊ လူကုန်ကူးခြင်း သို့မဟုတ် စိတ်မပါဘဲ လုပ်ဆောင်ရသည့်အလုပ်ပုံစံမျိုးကို မသုံးရပါ။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ၎င်းတို့၏ စပ်တူ လုပ်ငန်းရှင်များက အဆိုပါ လုပ်သား တစ်မျိုးမျိုးကို အသုံးပြုမှုကြောင့် ၎င်းတို့ အကျိုးအမြတ်ရရှိပါက ကြံရာပါ အဖြစ် စွပ်စွဲခံရနိုင်ပါသည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ရွှေ့ပြောင်းလုပ်သားများ စုဆောင်းရေးတွင် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ ပါဝင်နေသည့်အခါ အထူး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ၎င်းတို့၏ အလုပ်သမားများ၏ အခွင့်အရေးဖြစ်သော လုပ်သားက အလုပ်ရှင်ထံသို့ ကျိုးကြောင်းသင့်သည့် အသိပေးစာပေးအပ်လျှက် လွတ်လပ်စွာအလုပ်ထွက်ခွင့်ကို ပေးအပ်ရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် လုပ်သားများအား သိက္ခာချခြင်း၊ သိမ်ငယ်စေခြင်း၊ ရိုက်နှက်ဒဏ်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကျပ်ကိုင်ခြင်း နှင့်/သို့မဟုတ် နှုတ်ဖြင့် ဆဲရေးတိုင်းထွာခြင်းမပြုလုပ်ရ။

စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများ အားလုံးကို စာဖြင့် ရေးသားဖော်ပြထားရမည်ဖြစ်ပြီး အလုပ်သမားများထံသို့ ရှင်းလင်း၍ နားလည်ရလွယ်သော အသုံးအနှုန်းနှင့်အတူ နှုတ်ဖြင့် ရှင်းပြရမည်။

## သဘာဝ ပတ်ဝန်းကျင် ကာကွယ်ခြင်း

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် သဘာဝပတ်ဝန်း အရည်အသွေးကျဆင်းမှုကို ရှောင်ရှားရန် လိုအပ်သည့် လုပ်ထုံးများကို လုပ်ဆောင်ရာတွင် ဤအခန်းတွင် သတ်မှတ်ထားသော မျှော်မှန်းချက်များအတိုင်း ဘက်လိုက်မှုမရှိဘဲ အတိအကျ လေးစားလိုက်နာရန် ဤမူဝါဒကို လေ့လာထားရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် စီးပွားရေး လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်သက်ရောက်မှု ကြီးကြီးမားမားကို အကဲဖြတ်စိစစ်သင့်သလို ၎င်းတို့၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်များကို ထင်ဟပ်စေသည့် ထိရောက်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းလုပ်ဆောင်သင့်သည်။ လူမှုအသိုင်းအဝိုင်း၊ သဘာဝရင်းမြစ်များနှင့် အလုံးစုံ သဘာဝပတ်ဝန်းကျင်ပေါ် ဆိုးကျိုးသက်ရောက်မှုများကို တားဆီးရန် သို့မဟုတ် အနည်းဆုံးလျှော့ချရန် သင့်တော်သည့် လုပ်ထုံးများကို အကောင်အထည် ဖော်ဆောင်ရန်သိမြင်ရမည်။

## ကျင့်ဝတ်နှင့်ညီသော လုပ်ငန်း ဆောင်ရွက်မှု

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ဤအခန်းတွင်ဖော်ပြထားသည့် ရည်မှန်းချက်နှင့် မျှော်လင့်ချက်များအတိုင်းဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရမည်၊ ၎င်းတို့က **မည်သည့် အကျင့်ပျက်ချစားမှုလုပ်ရပ်**၊ ခြိမ်းခြောက်ငွေညှစ်ခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်းကို လည်းကောင်း၊ မသင့်တော်သည့် ငွေကြေး သို့မဟုတ် အခြား မက်လုံးကမ်းလှမ်းခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ကတိပေးခြင်း အပြင် မည်သည့် လာဘ်ပေးလာဘ်ယူ ပုံစံမျိုးပါသည့် လုပ်ရပ်များတွင် မပါဝင်ရပါ။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ၎င်းတို့၏လုပ်ရှားဆောင်ရွက်မှုများ **ဖွဲ့စည်းပုံနှင့် စွမ်းဆောင်ရည်**တို့နှင့် စပ်လျဉ်း၍ တိကျသေချာသော အချက်အလက်ထားရှိရမည်ဖြစ်သလို ချမှတ်ထားသည့် ဥပဒေစည်းမျဉ်းများ၊ လုပ်ငန်း နယ်ပယ်စံအမှတ် ကျင့်သုံးမှုများနှင့်အညီ အဆိုပါအချက်အလက်ကို ဖွင့်ဟရမည်။

စပ်တူစီးပွားရေး လုပ်ငန်းရှင်များသည် ကုန်စည် ထုတ်လုပ်စီးဆင်းမှုတွင် အဆိုပါအချက်အလက်ကို အတုအပ လုပ်ဆောင်ခြင်းကိုလည်းကောင်း မှားယွင်း ဖော်ပြမှုကိုလည်းကောင်း လုပ်ဆောင်ရာတွင် ပါဝင်ပတ်သက်မှုမရှိစေရ။

ထို့အပြင်၊ ၎င်းတို့သည် ပုဂ္ဂိုလ်ရေးအချက်အလက်ကို ကောက်ယူစုဆောင်းခြင်း၊ အသုံးပြုခြင်း တစ်နည်းနည်းဖြင့် စီစဥ်လုပ်ဆောင်ခြင်းတို့ကို (၎င်းတို့၏ ဩဇာသက်ရောက်သည့် နယ်ပယ်တွင်းရှိ

အလုပ်သမားများ၊ စပ်တူစီးပွားရေး လုပ်ငန်းရှင်များ၊ ဝယ်ယူသုံးစွဲသူများနှင့် ဖောက်သည်များထံမှ အပါအဝင်) ကျိုးကြောင်းဆီလျော်သည့် သတိဖြင့် ဂရုတစိုက်လုပ်ဆောင်ရမည်။ ပုဂ္ဂိုလ်ရေး အချက်အလက်များစုဆောင်းခြင်း၊ အသုံးပြုခြင်းနှင့် အခြား လုပ်ငန်းစဉ်ဆောင်ရွက်မှုသည် ကိုယ်ပိုင်မှုနှင့် အချက်အလက် လုံခြုံရေး ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

# VI. နောက်ဆက်တွဲများ

---

1. အကောင်အထည်ဖော်ဆောင်မှု စည်းကမ်းချက်များ
2. amfori BSCI ကိုးကားချက်- ILO သဘောတူညီချက်များနှင့် အကြံပြုချက်များကဲ့သို့သော ကျင့်ဝတ် အကောင်အထည်ဖော်ဆောင်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတကာ စံချိန်စံညွှန်းများ စုစည်းမှု။
3. amfori BSCI ခက်ဆစ်

********

amfori သည် ပွင့်လင်းပြီး ရေရှည်ခိုင်မာသည့် ကုန်သွယ်မှုအတွက် အထင်ကရဖြစ်သော ကမ္ဘာ့လုပ်ငန်းများအသင်းအဖွဲ့ ဖြစ်သည်။ မိမိတို့၏မျှော်မှန်းချက်မှာ ကုန်သွယ်မှုအားလုံးသည် တစ်ဦးတစ်ယောက်ချင်းစီအတွက် လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေး အကျိုးအမြတ်များ ပေးစွမ်းနိုင်သည့် ကမ္ဘာတစ်ခုဖန်တီးရန်ဖြစ်သည်။

amfori
Av. De Cortenbergh, 172
1000 Brussels
Belgium
ဖုန်း- +32-2-762 05 51
ဖက်စ်- +32-2-762 75 06
info@amfori.org
www.amfori.org